၂၀၁၇ ခုနှစ် နိုဝင်ဘာလ(၁၇)ရက်နေ့တွင် မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး၊ ရန်ကုန်တွင် ကျင်းပပြုလုပ်သော Selection Committee Meeting အစည်းအဝေးမှတ်တမ်း

### ၁။ ရည်ရွယ်ချက်

မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပဏာမ ငှားရမ်းရန်သဘော တူညီထားသော BO Consultant , Adam Smith ၏ တင်ပြထားသော Financial Proposal and Technical Proposal အား လိုအပ်သော အချက်အလက်များအား ပြန်လည်ညှိနှိုင်းခြင်းဆောင်ရွက်ရန်အတွက် ပြန်လည်သုံးသပ်ရန် ရည်ရွယ်၍ ကျင်းပပြု လုပ်ခြင်းဖြစ်ပါသည်။

### ၂။ အစည်းအဝေးတက်ရောက်သူများ

အစည်းအဝေးတက်ရောက်သူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

အစိုးရကိုယ်စားလှယ်မှ (၂) ဦး ၊ ပုဂ္ဂလိကမှ ကိုယ်စားလှယ် (၁) ဦး၊ အရပ်ဘက်အဖွဲ့အစည်းမှ ကိုယ်စားလှယ် ( ၃) ဦး၊ ကမ္ဘာ့ဘဏ်မှ ကိုယ်စားလှယ် (၂) ဦး၊ MOBDမှ(၄)ဦး၊ NCS မှ(၆)ဦး၊ NRGIမှ (၁)ဦး လေ့လာသူ(၂)ဦးစုစုပေါင်း (၂၀)ဦးတက်ရောက်ခဲ့ပါသည်။

### ၃။ အစည်းအဝေးဆွေးနွေးချက်များ

အစည်းအဝေးဆွေးနွေးချက်များမှာ အောက်ပါတိုင်းဖြစ်ပါသည်။

(က) ပဏာမရွေးချယ်ထားသော BO Consultant Adam Smith ၏ တင်ပြထားသော Technical Proposal နှင့် ပတ်သက်၍ NCS Office မှ Technical Coordinator ဒေါက်တာကျော်ညွန့်မောင် မှ သုံးသပ်ရှင်းလင်းတင်ပြခဲ့ပါသည်။

ပေးပို့ထားသော Technical Proposal တွင် ဖော်ပြထားသော အချက်အလက်များနှင့်ပတ်သက်၍ Adam Smith အဖွဲ့၏ အတွေ့အကြုံ နှင့်ပတ်သက်၍ Mining Sector , Oil and Gas Sector များနှင့်ပတ်သက်သော နိုင်ငံပေါင်းလေးဆယ်ကျော်တွင် လုပ်ငန်းအတွေ့အကြုံရှိပြီး မြန်မာနိုင်ငံနှင့်ပတ်သက်၍ ၂၀၁၃ ခုနှစ်တွင်စတင်ဝင်ရောက်ပြီး မြန်မာနိုင်ငံEITI လုပ်ငန်းစဉ်များတွင်လည်းအတွေ့အကြုံရှိပြီး EITI အနေဖြင့် အာဖရိက နှင့်အာရှတိုက်တို့တွင် အတွေ့အကြုံရှိထားကြောင်း ရှင်းလင်းတင်ပြထားပါသည်။ မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်မှစတင်ကာ နိုင်ငံတကာ Oil and Gas Companies များမှလာရောက်ရင်းနှီးမြှပ်နှံထားသောကြောင့် ကိန်းဂဏန်းအချက်အလက်ရရှိမှုတွင် ယင်း Oil and Gas sector သည် ကျောက်မျက်၊ ကျောက်စိမ်း ၊ သတ္တု ကဏ္ဍများထက် Data ရရှိရန်ပိုမိုလွယ်ကူနိုင်ပါကြောင်းဖော်ပြထားပြီး စိန်ခေါ်မှုအခက်အခဲအနေဖြင့် ကိန်းဂဏန်းအချက်အလက်များရရှိမှုတွင် စိန်ခေါ်မှုဖြစ်နိုင်သည်ဟုဖော်ပြသည်ဟုဆွေးနွေးထားပါသည်။

ဆက်လက်၍ Proposal တွင်ဖော်ပြထားသော Objective of the Project နှင့် BO ToR တို့အကြားကွဲလွဲမှုမရှိပဲ အချက်(၅)ချက်ဖြင့်ဖော်ပြထားပြီး ဖော်ပြထားသောအချက်များ၏အနှစ်ချုပ်မှာ(၁) BO Road Map အတိုင်း Work

plan အားပြင်ဆင်ခြင်း(၂) MSG အားအထောက်အပံ့ပေးခြင်း၊ (၃) BO နှင့်ပတ်သက်သော Capacity Building Training များပြုလုပ်ခြင်း၊ (၄) MEITI ဒုတိယနှင့်တတိယအကြိမ်အစီရင်ခံစာအတွက် အချက်အလက်ကောက်ခံခြင်းအပိုင်းအား Piolot Project ပြုလုပ်၍ အစီရင်ခံစာအတွင်းထည့်သွင်းခြင်း နှင့်(၅)BO နှင့်ပတ်သက်၍ဖွဲ့စည်းထားမည့် Task Force နှင့် NCS တို့အား BO Work Plan ဖော်ဆောင်ရာတွင်အထောက်အကူပြုရေးစသည်ဖြင့်ဖော်ပြထားပါသည်။

ဖော်ဆောင်မှုဆိုင်ရာနည်းလမ်း(Methodology) နှင့်ပတ်သက်၍ အထက်ဖော်ပြပါရည်ရွယ်ချက်အရ အဆင့်(၃)ဆင့် ဖြင့် Project Mobilization and Consultations ပြုလုပ်ခြင်း၊ Development of BO Work Plan နှင့်ပတ်သက်၍ Pilot Project များပြုလုပ်၍ဖော်ဆောင်ခြင်းနှင့် ဆောင်ရွက်ဆဲ BO Work Plan အားအထောက်အကူပြုခြင်းစသည့်နည်း လမ်းများ ဖြင့်ဖော် ဆောင်ရန်စသည်ဖြင့်ဖော်ပြထားသည်။

Work Plan နှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် (၉၅)ရက်ခန့်လာရောက်ဆောင်ရွက်မည်ဖြစ်ပြီး ဂန်ထမ်းများအနေဖြင့် Team Leader အပါအဝင်(၅)ဦးဖြင့်ဆောင်ရွက်မည်ဖြစ်ပြီးလာရောက်ဆောင်ရွက်မည့်ဂန်ထမ်းများ၏ ကိုယ်ရေးအချက်လက်များ အား တင်ပြရှင်းလင်းခဲ့သည်။

Work Schedule အရ ဒီဇင်ဘာလ(၁၆)ရက်နေ့လောက်တွင် စတင်ဆောင်ရွက်နိုင်မည်ဟုဖော်ပြထားပြီး ၂၀၁၈ ခုနှစ် မေလအလယ်လောက်တွင် Report အားတင်ပြနိုင်မည်ဟုဖော်ပြထားကြောင်းတင်ပြခဲ့ပြီး အကြံပြုချက်အနေဖြင့် Report အတွက် လိုအပ်သောကိန်းဂဏန်းနှင့်ပတ်သက်၍ MEITI နှင့်ဆွေးနွေးရန်လိုအပ်ကြောင်း၊ Data ရရှိမှု နှင့်ပတ်သက်၍ နောက်ဆုံးတင်ပြမည့် Report တွင်အရေးကြီးကြောင်း နှင့် BO လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ MEITI မှ အထောက်အကူပြု ရန်လိုအပ်ကြောင်း တင်ပြဆွေးနွေးခဲ့ပါသည်။

(ခ) အထက်ဖော်ပြပါ BO Consultant ၏ Work Schedule နှင့်ပတ်သက်၍ BO နှင့်သက်ဆိုင်သော ဆောင်ရွက်ချက်များ များပြားပြီး ဆောင်ရွက်ချက်အဆင့်ဆင့်တိုင်းတွင် MSG ၏ အတည်ပြုချက်ရယူရန်လိုအပ်ပြီး အဆိုပြုထားသော Time Line နည်းပါးသောကြောင့် Adam Smith နှင့် ပြန်လည် ညှိနှိုင်းရန် နှင့် ထိုသို့ညှိနှိုင်းရာတွင် သတ်မှတ်ထားသော ငွေပမာဏအတွင်းသာ ညှိနှိုင်းရန်နှင့် ထိုညှိနှိုင်းချက်အား (၉)ကြိမ်မြောက် MSG အစည်းအဝေးမတိုင်မီ Skype ဖြင့် ညှိနှိုင်းဆွေးနွေးပြီး ထိုဆွေးနွေးညှိနှိုင်းချက်အား MSG တွင်ဆက်လက်တင်ပြဆုံးဖြတ်ချက်ရယူရန် ဆွေးနွေးသဘောတူခဲ့ကြ ပါသည်။

Adam Smith ၏ အစီရင်ခံစာ တင်သွင်းမည့် Timeline မှာ မေလတွင်တင်သွင်းမည်ဖြစ်သောကြောင့် ယခင် MSG မှ ဆုံးဖြတ်ထားသော BO နှင့်ပတ်သက်၍ International Oil and Gas Companies များအား Pilot Project အနေဖြင့် ဒုတိယနှင့် တတိယအကြိမ် အစီရင်ခံစာတွင်ထည့်သွင်းမည့်အချက်မှာ မဖြစ်နိုင်သောကြောင့် MSG သို့ဆက်လက်တင်ပြ ဆွေးနွေးရန်ဆွေးနွေးခဲ့ကြပါသည်။

(ဂ) Combine Evaluation Report တွင် ထည့်သွင်းနိုင်ရန်အတွက် Adam Smith မှ တင်သွင်းထားသော Technical and Financial Proposal ပါအချက်အလက်များနှင့်ပတ်သက်၍ Technical Evaluation Score

ဇယားတွင်ကိုယ်စားလှယ်များမှသတ်မှတ်ချက်များတွင်အမှတ်ပေးခဲ့ကြပါသည်။
အသေးစိတ်အမှတ်ပေးမှုအချက်အလက်များအားနောက်ဆက်တွဲ(က) ဇယားတွင်ကြည့်ပါ။

**၄။ အထွေထွေဆွေးနွေးချက် နှင့်ဆုံးဖြတ်ချက်များ**

BOနှင့်ပတ်သက်ရာတွင်လုပ်ငန်းရှင်များပါဝင်မှုမှာအဓိကကျသောကြောင့် ဥပဒေအနေဖြင့်ပြဌာန်းချက်ရှိပါက အချက် အလက်ရရှိမှုမှာ ပိုမိုလွယ်ကူလာနိုင်သည်ဟုဆွေးနွေးရာတွင် ယခုအခါ မြန်မာနိုင်ငံတွင် BO နှင့်ပတ်သက်၍ စတင်လုပ်ဆောင်နေသည့်အချိန်ဖြစ်သောကြောင့် ဥပဒေအနေဖြင့်ချက်ချင်းဆောင်ရွက်ရန် မဖြစ်နိုင်သော်လည်း ကုမ္ပဏီများ DICA တွင် မှတ်ပုံတင်သည့်အချိန်၌ ဥပဒေလုပ်ထုံးလုပ်နည်းများလိုက်နာရမည်ဟု စည်းကမ်းပါရှိသောကြောင့် ပူးပေါင်းပါဝင်ရမည်ဖြစ်ကြောင်း နှင့် BO Consultant ၏ Capacity Building Plan ၌ MSG တွင်သာမက ပိုမိုထိရောက်ကျယ်ပြန့်စေရန်အတွက်ကဏ္ဍပေါင်းစုံပါဝင်ပါက ပိုမိုထိရောက်နိုင်ကြောင်း ဆွေး နွေးခဲ့ပါသည်။

Adam Smith မှ တင်ပြထားသော Technical and Financial Proposal ပါ Work Plan and Schedule အရလက်တွေ့ဆောင်ရွက်ရာတွင်ဖြစ်နိုင်ခြေရှိသောကြောင့် (၉)ကြိမ်မြောက် MSG အစည်းအဝေးမတိုင်မီ Selection Committee အစည်းအဝေးအပြီး (၁၀)ရက်အတွင်း Skype ဖြင့် World Bank မှ အဆိုပြုမည့် Work Schedule အခြေပြုဆွေးနွေးရန် ၊ Adam Smith မှ တောင်းခံထားသော Relevant Documents များနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ထားရှိရန်အတွက်ဆွေးနွေးရန် ၊ BO နှင့်ပတ်သက်သော Task Force ဖွဲ့စည်းရာတွင် မည်သည့် အဖွဲ့အစည်းများ ပါဝင်သင့်သည်ကို အကြံအဉာဏ်ရယူရန်ဆွေးနွေးရန် နှင့် ထိုဆွေးနွေးချက်များအား (၉)ကြိမ်မြောက်သုံးပွင့်ဆိုင်ညွှန့်ပေါင်းအစည်း အဝေးတွင်တင်ပြအတည်ပြုချက်ရယူရန် ဆွေးနွေးခဲ့ပါသည်။

၅။ **အစည်းအဝေးတက်ရောက်သူများ**

| စဉ် | အမည် | အဖွဲ့အစည်း |
|---|---|---|
| ၁ | ဦးကျော်သက် | MONREC |
| ၂ | ဦးသန်းဌေးအောင် | MOGE |
| ၃ | ဦးခင်မောင်ဟန် | Private Sector |
| ၄ | ဦးနိုင်လင်းထွဋ် (Alt) | MATA |
| ၅ | ဦးစောမီဖွေဒိုထွန်း (Alt) | MATA |
| ၆ | ဦးထူးအောင် | MATA (Observer) |
| ၇ | ဦးအောင်ကျော်လှိုင် | MFMA (Observer) |
| ၈ | ဒေါ်ခင်ခင်လွင် | MOBD |
| ၉ | ဦးဆန်းဝင်း | MOBD |
| ၁၀ | ဒေါ်ခင်ပပခိုင် | MOBD |
| ၁၁ | ဒေါ်ရွှေရည်ဝင်း | MOBD |
| ၁၂ | Shona Kirkwood | World Bank |
| ၁၃ | ဒေါ်သဇ္ဇာထွန်း | World Bank |

| | | |
|---|---|---|
| ၁၄ | ဦးအောင်ခိုင် | NCS Office |
| ၁၅ | ဦးထွန်းဝေါ်ဦး | NCS Office |
| ၁၆ | ဒေါက်တာကျော်ညွန့်မောင် | NCS Office |
| ၁၇ | ဒေါ်သင်းရတနာဆု | NCS Office |
| ၁၈ | ဒေါ်အေးချမ်းဝေ | NCS Office |
| ၁၉ | ဦးကျော်သင်းမောင် | NCS Office |

**၆။ အစည်းအဝေးဆုံးဖြတ်ချက်များ**

| စဉ် | အကြောင်းအရာ | ဆောင်ရွက်မည့် အဖွဲ့အစည်း |
|---|---|---|
| ၁ | Proposal တွင် ဖော်ပြထားသော Timeline မှာ အချိန်အားဖြင့် နည်းပါးနေပြီး MSG ဆုံးဖြတ်ချက် ပြန်လည် လိုအပ်သောကြောင့် Timeline အား ပြန်လည်ညှိနှိုင်းရန် (ထိုသို့ညှိနှိုင်းရာတွင် သတ်မှတ်ထားသော ငွေပမာဏ အတွင်းသာညှိနှိုင်းရန်) | MOBD, NCS, WB |
| ၂ | လာမည့် ဒီဇင်ဘာလ(၄)ရက်နေ့ MSG Meeting တွင် BO Task Force ဖွဲ့စည်းမည်၊ ပါဝင်မည့်ကိုယ်စားလှယ် များ စသည်တို့အား တင်ပြဆုံးဖြတ်မည် | MOBD, NCS |
| ၃ | Adam Smith မှ တောင်းခံထားသော Relevant Documents အမျိုးအစားအတိအကျကြိုတင်ပေးထားရန် အတွက် ဆွေးနွေးရန် | MOBD, NCS, WB |
| ၄ | Adam Smith ၏ Work Plan ပါအချက်များနှင့် ပတ်သက်၍ ဒီဇင်ဘာ(၄)ရက်နေ့တွင် MSG မှ အတည်ပြုမည့် BO Task Force နှင့် ဦးစွာ ဆွေးနွေးဆုံးဖြတ်ပြီး ထိုဆုံးဖြတ်ချက်များအား MSG အစည်းဝေးသို့တင်ပြကာ အတည်ပြုချက်ရယူရန် | MOBD, NCS |
| ၅ | ဆွေးနွေးမည့် အချက်နှင့်ပတ်သက်၍ Skype Meeting အား ဒီဇင်ဘာ ၄ ရက်မတိုင်မီဆွေးနွေးရန်<br>ဆွေးနွေးရမည့်အချက်များ<br>(၁) Adam Smith မှ တောင်းခံသော Documents များနှင့်ပတာသက်၍ ဆွေးနွေးရန်<br>(၂) World Bank မှ အဆိုပြုသော Work Schedule အားဆွေးနွေးရန်<br>(၃) BO နှင့်ပတ်သက်သော Task Force ဖွဲ့စည်းရာတွင် ပါဝင်မည့် အဖွဲ့အစည်းနှင့်ပတ်သက်၍ အကြံဉာဏ် ရယူရန် | WB, MOBD, NCS |
| ၆ | Adam Smith နှင့် Skype ဆွေးနွေးချက်အား ဒီဇင်ဘာ(၄)ရက် တွင်ပြုလုပ်မည့် MSG Meeting တွင် တင်ပြအတည်ပြုချက်ရယူရန် | MOBD, NCS |
| ၇ | Selection Committee အဖွဲ့ဝင်များမှ ရွေးချယ်ထားသော BO Consultant Adam Smith မှပေးပို့လာသော MEITI Beneficial Ownership Combined Technical and Financial Proposal ပါ Evaluation Score ဇယားအား အမှတ်ပေး မှတ်ချက်ပြုခဲ့ကြပါသည်။<br>အသေးစိတ်အမှတ်ရရှိမှုအား နောက်ဆက်တွဲ(က) ဇယားတွင်ကြည့်ရှုပါ | |

# နောက်ဆက်တွဲ(က)ဇယား

| Technical Evaluation | | | | | | | | | | | |
| --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- | --- |
| **Criteria** | | **U Kyaw Thet/Daw Myint Zu** | **U Than Htay Aung** | **U Mung Dun/U Saw Me Bway Do** | **Daw Moe Moe Tun/Ko Naing Lin Htut** | **U Khin Maung Han** | **U Win Tin** | **Dr Sein Win/ U Myo Min** | **Total** | **Weighted Score** | |
| Specific Experience | **Score (1 low-20 high)** | 10 | 10 | 11 | 10 | 12 | | | 63 | 9.00 | |
| Workplan and Methodology | **Score (1 low-30 high)** | 20 | 15 | 14 | 10 | 15 | | | 94 | 13.43 | |
| Key Expertise | **Score (1 low-40 high)** | 30 | 20 | 25 | 25 | 25 | | | 155 | 22.14 | |
| Local Inputs | **Score (1 low-10 high)** | 8 | 5 | 4 | 6 | 5 | | | 36 | 5.14 | |
| **GRAND TOTAL** | | **68** | **50** | **54** | **51** | **57** | **0** | **0** | **348** | **50** | **142%** |